# Myanmar – EU Trade Helpdesk

## အီးယူပို့ကုန်ဈေးကွက်လေ့လာချက် - ကော်ဖီ

### မြန်မာ့ကော်ဖီ

အစိမ်းရောင် ကော်ဖီစေ့များသည် ကော်ဖီပင်၏အစေ့များမှထုတ်ယူရရှိသော အစေ့များဖြစ်ကြသည်။ (*Coffea Arabica* and *Coffea Canephora*) ကော်ဖီစေ့လှော်ခြင်းကို ကော်ဖီသောက်သုံးသည့် ဈေးကွက်များရှိရာနေရာရှိ လုပ်ငန်းများတွင် လုပ်ဆောင်လေ့ရှိသည်။ ထို့ကြောင့် ယခုဈေးကွက်လေ့လာချက်သည် မြန်မာနိုင်ငံမှကော်ဖီစေ့များကို ဥရောပသမဂ္ဂ (အီးယူ) သို့ တင်ပို့နိုင်မည့် ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေထားသည်။

မြန်မာနိုင်ငံတွင်ကော်ဖီစေ့များကိုခူးဆွတ်ပုံ



*ဓာတ်ပုံ ။ ။ စည်သာကော်ဖီ*

မြန်မာနိုင်ငံသည်ထွန်းသစ်စကော်ဖီထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းသော အာရေးဘီးကားကော်ဖီစေ့နှင့် ထိပ်တန်းအဆင့် ရိုဘတ်စတာကော်ဖီစေ့တို့ကို ထုတ်လုပ်နိုင်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ထုတ်လုပ်သော ကော်ဖီ (၈၀) ရာခိုင်နှုန်းခန့်သည် အာရေးဘီးကားကော်ဖီဖြစ်ပြီး (၂၀) ရာခိုင်နှုန်းမှာ ရိုဘတ်စတာကော်ဖီဖြစ်သည်။ ကော်ဖီကို ရှမ်းပြည်နယ်တွင် (၆၀ မှ ၇၀ ရာခိုင်နှုန်း) အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းတွင် ဒုတိယအများဆုံးနှင့် ချင်းပြည်နယ်တွင် တတိယအများဆုံးစိုက်ပျိုးသည်။

### အီးယူကော်ဖီဈေးကွက်

အီးယူသည် ကမ္ဘာ့အကြီးဆုံးကော်ဖီဈေးကွက်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုထက်အရွယ်အစားနှစ်ဆကျော်ပိုမိုကြီးမားသည်။ အီးယူ၏ ကော်ဖီသောက်သုံးမှုသည် ကမ္ဘာ့ကော်ဖီသောက်သုံးမှု၏ (၃၀) ရာခိုင်နှုန်းခန့်ရှိသည်။

အီးယူမှကော်ဖီစေ့များတင်သွင်းမှုသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်တိုးတက်မှုနှုန်းအရ အရေအတွက်အားဖြင့် (၁) ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့်(၅) ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ ၎င်းအချက်က သွင်းကုန် ဈေးနှုန်းများမြင့်တက်မှုကို ဖော်ပြလျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင်သွင်းကုန်လျော့ကျသွားခြင်းမှာဝယ်လိုအားလျော့ကျ သွားခြင်းကြောင့် မဟုတ်ပဲ အဆိုပါနှစ်တွင် တစ်ကမ္ဘာလုံး၏ အာရေးဘီးကားကော်ဖီ ထုတ်လုပ်မှုလျော့ကျခဲ့ခြင်းကြောင့်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အီးယူ၏ ကော်ဖီတင်သွင်းမှုမှာ တန်ချိန် (၃.၂) သန်းအထိရောက်ခဲ့ပြီး တန်ဖိုးယူရိုငွေ (၈) ဘီလီယံရှိခဲ့သည်။ အီးယူ၏ကော်ဖီစေ့ တင်သွင်းမှုသည် လာမည့်နှစ်များတွင်ပျမ်းမျှနှစ်စဉ်တိုးတက်နှုန်း(၂) ရာခိုင်နှုန်းခန့်ဆက် လက်တိုးတက်မည်ဟု မျှော်လင့်ရသည်။

အီးယူ၏ကော်ဖီသောက်သုံးမှုတိုးမြင့်လာမည်ဟူသော ဤမျှော်မှန်းချက်အတွက် အဓိကတွန်းအားများမှာ -

- ပျော်ဝင်နိုင်သောကော်ဖီနှင့်တစ်ခါသုံးကော်ဖီခွက်များသောက်သုံးမှုတိုးမြင့်လာခြင်း
- စီးပွားရေးကျင့်ဝတ်နှင့်အညီထုတ်လုပ်သောစားသောက်ကုန်အပေါ်စိတ်ဝင်စားမှုမြင့်တက်လာခြင်း
- အမျိုးမျိုးသော ကော်ဖီစီမံပြင်ဆင်မှုနည်းလမ်းများအားစိတ်ဝင်စားလာခြင်း
- ငယ်ရွယ်သော ကော်ဖီသောက်သုံးသူများက အထူးပြုလုပ်ထားသောကော်ဖီကို အိမ်၌ပြင်ဆင်ရန်စိတ်ဝင်စားလာခြင်း

အီးယူနိုင်ငံများသည် ရာသီဥတုအခြေအနေများကြောင့် ကော်ဖီကို မစိုက်ပျိုးကြချေ။ ဤအချက်က တင်သွင်းသောကော်ဖီစေ့အများစုကို အီးယူအတွင်း၌ လှော်ပြီးသောက်သုံးမှုအားဖြစ်စေသည် (တန်ချိန် ၂.၈ သန်းခန့်) ။ ကော်ဖီစေ့အစိမ်းတင်ပို့မှုမှာမှုသိသာထင်ရှားခြင်းမရှိပေ။

(ပုံ - ၁ ) အီးယူ၏ကော်ဖီစေ့တင်သွင်းမှု (တန်ချိန်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

### အီးယူမှ အလားအလာရှိသော ရည် မှန်းဈေးကွက်များ

အီးယူဈေးကွက်သည် ကော်ဖီတင်သွင်းမှုပမာဏ သိပ်သည်းများပြားမှုရှိသည်။ဦးဆောင်တင်သွင်းသည့်နိုင်ငံများမှာဂျာမနီနိုင်ငံနှင့် အီတလီနိုင်ငံတို့ဖြစ်ပြီး အီးယူတင်သွင်းမှုစုစုပေါင်း၏ ထက်ဝက်ကျော် ကိုယ်စားပြုထားသည်။ ထို့ကြောင့် ဂျာမနီနိုင်ငံ နှင့်အီတလီနိုင်ငံတို့ကို မြန်မာပို့ကုန်လုပ်ငန်းရှင်များအတွက် ရှာဖွေစူးစမ်းသင့်သည့် အဓိက ဈေးကွက်နှစ်ခုအဖြစ် ထောက်ခံချက်ပေး ပါသည်။ ဂျာမနီနိုင်ငံနှင့် အီတလီနိုင်ငံ

Operated by

Supported by

တို့သည် အီးယူတွင် အဓိကကော်ဖီစေ့လှော်သည့် နိုင်ငံများ ဖြစ်ကြပြီး ကော်ဖီလှော်ကိုဦးဆောင် တင်ပို့သူများလည်းဖြစ်ကြပါသည်။

မြန်မာကော်ဖီပို့ကုန်လုပ်ငန်းရှင်များသည် မြန်ဆန်စွာကြီးထွားလာနေသည့် အခြားကြီးမားသောဈေးကွက်များဖြစ်သည့် နယ်သာလန်၊ စကင်ဒီနေးဗီးယား၊ ယူကေနှင့်ပိုလန်တို့တွင်လည်း အခွင့်အလမ်းများ ရှာဖွေနိုင်သည်။ ထို့အပြင် နယ်သာလန်နိုင်ငံသည် တင်သွင်းသောကော်ဖီစေ့များကိုပြန်လည်တင်ပို့သည့် အကြီးဆုံးသောဥရောပနိုင်ငံတစ်ခုဖြစ်ပြီး အခြားသောအီးယူနိုင်ငံများသို့ နှစ်စဉ်ကော်ဖီစေ့တန်ချိန် (၁၅၀,၀၀၀) နီးပါးပြန်လည်ရောင်းချခဲ့ကြောင်း ထည့်သွင်းစဉ်းစားထားရမည်။

မြန်မာ့ကော်ဖီသည် အီးယူဈေးကွက်၏အဆင့်မြင့်ပရီမီယံအရည်အသွေးကော်ဖီဈေးကွက်များကိုသာ ဦးတည်စဉ်းစားသင့်ပေသည်။ ဈေးနှုန်းနိမ့်ကျခြင်းနှင့် အဓိကရောင်းချနေသောနိုင်ငံများမှ ပြင်းပြင်းထန်ထန်ယှဉ်ပြိုင်မှုများကြောင့် စီးပွားဖြစ်ကော်ဖီအမျိုးအစားများကို အီးယူဈေးကွက်များအတွက် အားပေးထောက်ခံမှုမပြုအပ်ပေ။

(ပုံ - ၂) ၂၀၁၇ ခုနှစ် ၊ အီးယူ၏ကော်ဖီစေ့တင်သွင်းမှု (တင်သွင်းမှုပမာဏအလိုက်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

မြန်မာ့အထူးပြုလုပ်ထားသောကော်ဖီကို အဓိကအီးယူဈေးကွက်များအားလုံးနီးပါးသို့ရောင်းချနိုင်သည်။ဆွီဒင် နှင့် ဖင်လန်နိုင်ငံတို့သည် စိတ်ဝင်စားစရာကောင်းသော ဈေးကွက်များဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော်၎င်းနိုင်ငံများသည်အထူးပြုလုပ်ထားသော ကော်ဖီကိုပိုမိုစိတ်ဝင်စားလာခြင်းနှင့်အတူ လူတစ်ဦးကျကော်ဖီ သောက်သုံးမှုမြင့်မားသောနိုင်ငံများဖြစ်ကြသောကြောင့်ဖြစ်သည်။

## အီးယူဈေးကွက်လက္ခဏာရပ်များ

အီးယူသို့ ပြင်ပမှကော်ဖီ ဦးဆောင်တင်ပို့ရောင်းချ လျက်ရှိ သောနိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ၎င်းနောက်တွင် ဗီယက်နမ်၊ ဟွန်ဒူးရပ်စ်၊ ကိုလံဘီယာ၊ ပီရူးနှင့် အိန္ဒိယနိုင်ငံတို့ရှိကြသည်။ အဆိုပါ ဦးဆောင်ရောင်းချသည့်နိုင်ငံများအနက် ကိုလံဘီယာ နိုင်ငံသည် အာရေးဘီးကားကော်ဖီဈေးကွက်ဝေစု အကြီးမားဆုံး ရရှိထားသည့်နိုင်ငံဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် အီးယူသို့ (၁၃၀,၀၀၀) တန် တင်ပို့နေရာမှ ၂၀၁၇ ခုနှစ်တွင် (၁၉၀,၀၀၀) တန်သို့ တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။

အာရေးဘီးကားကော်ဖီသည် အီးယူကော်ဖီဈေးကွက်၏သုံးပုံနှစ်ပုံခန့်ကိုနေရာယူထားပြီး ကျန်သုံးပုံတစ်ပုံမှာ ရိုဘတ်စတာကော်ဖီမျိုးကွဲများကနေရာယူထားသည်။ အာရေးဘီးကား-ရိုဘက်စတာ စုစုပေါင်းအချိုးမှာ ရိုဘက်စတာဘက်သို့ အနည်းငယ်ရွေ့လျားခဲ့သည်။ အာရေးဘီးကားအုပ်စုအတွင်း ဘရာဇီးသဘာဝကော်ဖီများ၏ဝေစုမှာကျဆင်းလျက်ရှိကာ ကိုလံဘီယာနှင့် အခြားအပျော့စားကော်ဖီများ၏ဝေစုတိုးတက်လျက်ရှိသည်။

အီးယူနိုင်ငံများ၏ (၈၀) ရာခိုင်နှုန်းခန့်သည် ကော်ဖီကိုအိမ်၌သောက်သုံး ကြပါသည်။ ကျန် (၂၀) ရာခိုင်နှုန်းမှာ အိမ်ပြင်ပ၌သောက်သုံးခြင်း(အစားအစာဝန်ဆောင်မှု)ဖြစ်သည်။ သို့သော်အဆိုပါအချိုးမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြားကွဲပြားမှုရှိသည်။ ပေါ်တူဂီနိုင်ငံတွင်အိမ်၌သောက်သုံးမှုမှာ(၅၅) ရာခိုင်နှုန်းရှိပြီး ဆလိုဗက်ကီးယားနိုင်ငံတွင် (၉၅) ရာခိုင်နှုန်းအထိ ရှိကြောင်း တွေ့ရ သည်။

(ပုံ - ၃) အီးယူသို့ ကော်ဖီဦးဆောင်တင်သွင်းနေသည့်နိုင်ငံများ (ယူရိုထောင်ပေါင်း)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

## အီးယူဈေးကွက်ဝင်ရောက်မှုဆိုင်ရာလိုအပ်ချက်များ

- ကော်ဖီကို Ochratoxin A (OTA) ပါဝင်မှုစမ်းသပ်ခြင်းသည်အများအားဖြင့်လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ၎င်းဓာတ် ပစ္စည်းကို သိုလှောင်မှုညံ့ဖျင်းသော အခြေအနေများတွင် မကြာခဏတွေ့ရ လေ့ရှိသည့်အတွက်ဖြစ်သည်။
- မြန်မာ့ကော်ဖီကိုအရည်အသွေးအတန်းအစား ခွဲခြားခြင်း ဖြင့်ထောက်ခံအားပေးပါသည်။ မြန်မာကော်ဖီ ထုတ်လုပ် သူများအနေဖြင့် ကော်ဖီဖျော်ပြိုင်ပွဲများတွင် ပါဝင် သင့်ပါသည်။ (World of Coffee ကဲ့သို့ cupping protocols များအရ)
- ကော်ဖီအတွက် အရေးအကြီးဆုံး အရည်အသွေး စံချိန် စံညွှန်းဆိုင်ရာလက်မှတ်ပုံစံများမှာ - Fair Trade ၊ Organic ၊ Rainforest Alliance ၊ UTZ Certified နှင့် 4C (Coffee Assurance Services) တို့ ဖြစ်ကြသည်။

## အီးယူတွင် ဝယ်သူမည်သို့ရှာမည်နည်း

သင်သည် အီးယူမှအလားအလာရှိသောဝယ်သူများကို အောက်ပါသတင်းအရင်းအမြစ်အမျိုးမျိုးမှတစ်ဆင့်ရှာဖွေတွေ့ရှိနိုင်သည် -

Operated by

Supported by

EUROPEAN UNION

- **ကုန်စည်ပြပွဲများ** - COTECA (တစ်နှစ်လျှင်နှစ်ကြိမ်၊ ဂျာမနီနိုင်ငံ)၊ Anuga (တစ်နှစ်လျှင်နှစ်ကြိမ်၊ ဂျာမနီနိုင်ငံ)၊ SIAL Paris (တစ်နှစ်လျှင်နှစ်ကြိမ်၊ ပြင်သစ်နိုင်ငံ)၊ BIOFACH (နှစ်စဉ်၊ ဂျာမနီနိုင်ငံ)၊ Tea & Coffee World Cup (နှစ်စဉ်၊ နေရာဒေသအမျိုးမျိုး)
- **အသင်းအဖွဲ့များ၏အသင်းဝင်များစာရင်း** - ဥရောပကော်ဖီအသင်းချုပ် (European Coffee Federation) ၊ အထူးစီမံကော်ဖီအသင်း(Specialty Coffee Association) နှင့် အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့အစည်း (International Coffee Organisation )
- **အထူးအွန်လိုင်းလမ်းညွှန်များ** - Cropster နှင့် algrano

**ဆက်သွယ်ရန်**
မြန်မာ-အီးယူကုန်သွယ်မှုအကူအညီပေးရေးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမှတ် ၂၂၈ - ၂၄၁ ၊ ကမ်းနားလမ်း၊ ဒုတိယထပ်
ရန်ကုန်၊ မြန်မာ။
အီးမေးလ် - mmeu.tradehelpdesk@gmail.com

*ယခုထုတ်ဝေမှုကို ဥရောပသမဂ္ဂ၏ရန်ပုံငွေအထောက်အပံ့ဖြင့် ပြုလုပ်ပါသည်။ ပါရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားသူ (Aleksandar Jovanovic) ထံတွင် အလုံးစုံတာဝန်ရှိပြီး ဥရောပသမဂ္ဂသို့မဟုတ် အခြားမည်သည့်အဖွဲ့အစည်း၏အမြင်ကိုမျှလုံးဝထင်ဟပ်ခြင်းမရှိပါ။*

*စက်တင်ဘာ ၂၀၁၈*